**CHIN NATIONAL FRONT**

**General Headquarters, Chin land.**

**Contact: cnfdomain@yahoo.com** **Ph: 0389- 2346197**

# ပြည်တွင်း ရဟန်းသံဃာတော်များ၏ ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်မှုအပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ကျေညာချက်

– ပတ္တနိက္ကုဇ္ဇနကံဆောင်သပိတ်မှောက်ခြင်းအားဖြင့် ရဟန်းသံဃာတော်များမှ နအဖ၏ ဖိနှိပ်ညှင်းပန်းမှုအမျိုးမျိုးနှင့် အထွေထွေအကြပ်အတည်းများလျှော့ချရေးအတွက် စစ်အာဏာရှင်များထံ ငြိမ်းချမ်းစွာ ဆုံးမဆန္ဒပြခြင်းအပေါ် ချင်းအမျိုးသား တပ်ဦးမှ လှိုက်လှဲစွာကြိုဆိုထောက်ခံသည်။

– ယနေ့ ရဟန်းသံဃာတော်များ၏ ကံဆောင်သပိတ်သည် သာသနာအရေးသက်သက် မဟုတ်တော့ပဲ နိုင်ငံ့အရေး ဖြစ်နေပါသဖြင့် တိုင်းသူပြည်သားအပေါင်းတို့အနေဖြင့် လူ့ညီးနေ လေ့အောင်း မြင်းဇောင်းမကျန် ရဟန်းရှင်လူ၊ ဘာသာရေး အလွှာပေါင်းစုံ၊ တပ်မတော်၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လုပ်သားပြည်သူအလွှာအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းပြီး လက်တွဲကြပါရန် တိုက်တွန်းလိုက်ရပေသည်။

– ယနေ့သံဃာတော်များ၏ တောင်းဆိုချက် (၄)ရပ် သည် တပြည်လုံးအရေးဖြစ်နေပါသဖြင့် ပြည်ပရောက် ချင်းအမျိုးသားထုအနေဖြင့် မိမိတို့ ရောက်ရှိရာ နိုင်ငံအသီးသီးမှ ထောက်ခံပံ့ပိုးကြရန်နှင့် ပြည်တွင်း ချင်းပြည်သူများ အနေဖြင့်လည်း မိမိတို့နေထိုင်ရာဒေသအသီးသီးမှ ဝိုင်းဝန်းထောက်ခံအားပေးကြပါရန် နိုးဆော်အပ်ပါသည်။

– တိုင်းပြည်၏ နိုင်ငံရေးအကြပ်အတည်း၊ စီးပွါးရေးချွတ်ခြုံကျမှု၊ လူမှုအနိဋ္ဌာရုံအပေါင်းမှ ကင်းဝေးရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး ဦးဆောင်မှုဖြင့် ငြိမ်းချမ်းစွာ လမ်းပေါ်ထွက်စီတန်းလှည့်လည်ဆန္ဒ ပြရာတွင် မလိုလားအပ်သော မင်းမဲ့စရိုက်အသွင်မျိုးမဖြစ်ပွားစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းရှိကြရန် မပြတ်မလပ် သတိချပ်စေလိုပါသည်။

– ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု ကြွေးကြော်နေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)အနေဖြင့် ရဟန်းသံဃာတော်များဦးဆောင်ပြီး ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒပြနေခြင်းကို အင်အားသုံး ဖြိုခွဲခြင်းမပြုသင့်ပေ။ ၎င်းတို့၏ တရားသော တောင်းဆိုချက်ကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းမှသာ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်သည်ဟု သုံးသပ်သည်။

– မြန်မာ့နိုင်ငံရေးပြဿနာသည် ပြည်တွင်းရေး သက်သက်မဟုတ်ပဲ ဒေသတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာမိသားစုများမှ အရေးတယူ အလေးထားပြီး ပါဝင်ဖြေရှင်းပေးကြပါရန်မေတ္တာရပ်ခံလိုကြောင်းထုတ်ပြန်ကျေညာလိုက်ရပေသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့